## "ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီ၏ ဇလုံတောင်တန်းကားဝန်း(ခမိုး) တောင်တက်ကားအသင်းနှင့် ပတ်သက်သည့် တွေ့ရှိချက် အစီရင်ခံစာ" ကို လွှတ်တော်သို့ တင်ပြခြင်း

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။

ဒုတိယအကြိမ်၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီမှ ဇလုံတောင်ကားဝန်း၊ ခမိုးတောင်တက်ကားအသင်းနှင့် ပတ်သက်သည့်တွေ့ရှိချက်အား လွှတ်တော်သို့ တင်သွင်းသွားမှာဖြစ်ပါတယ်။ ကျွန်တော် ဗန်းမောက်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညီညီဟန်ဖြစ်ပါတယ်။ ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီမှ ဇလုံတောင်ကားဝန်း၊ (ခမိုး)တောင်တက်ကားအသင်းနှင့် ပတ်သက်သည့် တွေ့ရှိချက်အား လွှတ်တော်သို့ တင်သွင်းသည့် အစီရင်ခံစာ၊ ၂၀၁၉ခုနှစ် မတ်လ(၅)ရက်၊ ယခု အစီရင်ခံစာကို ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ၏ တာဝန်ပေးချက်အရ ကော်မတီအတွင်းရေးမှူး ကျွန်တော် ဦးညီညီဟန်မှ ဖတ်ကြား တင်သွင်းသွားမှာဖြစ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီသည် လွှတ်တော်ဥက္ကဋ္ဌကြီး၏ တာဝန်ပေးချက်အရ (၂၇.၁.၂၀၁၉) ရက်နေ့တွင် ဗန်းမောက်မြို့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီ၊ ဇလုံတောင်တက်ကားအသင်း၊ အမှုဆောင်များ၊ "Terrian" ကုမ္ပဏီမှ တာဝန်ရှိသူ (၃)ဦးတို့နှင့် တွေ့ဆုံ၍ တောင်တက်ကားအသင်းပေါ်မှ ကောက်ခံမည့် ငွေများပြားသည့်အပေါ် ကားအသင်း၏ တောင်းဆိုတင်ပြစာနှင့် ပတ်သက်၍ ကြားနာခဲ့ပါသည်။

တွေ့ရှိချက်များအား အောက်ပါအတိုင်း တင်ပြအစီရင်ခံအပ်ပါသည်။ ဇလုံတောင်တက်ကားဝန်းအား "Terrian"ကုမ္ပဏီသို့ B.O.Tစနစ်ဖြင့် တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တိုက်ရိုက်လုပ်ပိုင်ခွင့်ချပေးခဲ့ပြီး (၂၅-၁၂-၂၀၁၈)ရက်နေ့တွင် စတင် ဖွင့်လှစ်ခဲ့ပါသည်။ နှစ်ဖက်သဘောတူ MOUစာချုပ် လက်မှတ်ရေးထိုးထား ခြင်းမရှိသေးသည်ကိုလည်း တွေ့ရှိရပါသည်။ ကားဝန်းအတွင်းတွင် စားသောက်ဆိုင်တန်းများ၊ အမှတ်တရ ပစ္စည်းအရောင်းဆိုင်တန်းများ၊ ဟိုတယ်ဖုံ၊ ပြင်ပကားပါကင်၊ ဆီဆိုင်များ၊ တောင်တက်ကားအသင်းကားပါကင်များ စသည့်တို့ ထည့်သွင်းဖွဲ့စည်း တည်ဆောက်မည်ဟု သိရှိရပါသည်။ ၎င်းကားဝန်းတည်ဆောက်ရေး နှင့်ပတ်သက်ပြီး တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအစည်းအဝေးခန်းမတွင် အစည်းအဝေးများ အကြိမ်ကြိမ် ပြုလုပ်ခဲ့ပြီး (၃-၁၀-၂၀၁၈) အစည်းအဝေးမှ အောက်ပါဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ပါသည်-

(က) ဇလုံတောင် “ခမိုး” စခန်းကို BOTစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး ကနဦး ငှားရမ်းသည့်ကာလကို နှစ်(၃၀) သတ်မှတ်ရန်နှင့် လုပ်ငန်းဆောင်ရွက်မှုပေါ်မူတည်၍ (၁၀)နှစ် သက်တမ်းတိုး (၂)ကြိမ် သတ်မှတ်ရန်၊

(ခ) လုပ်ငန်းစတင်သည့် (၂၀၁၈-၂၀၁၉) ဘဏ္ဍာနှစ်တွင် တောင်တက်ကားများအပေါ် ကောက်ခံသည့် ဝင်ငွေ၏(၅၀) ရာခိုင်နှုန်းကို တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ ပေးသွင်းရန်၊

(ဂ) (၂၀၁၉-၂၀၂၀) ဘဏ္ဍာရေးနှစ်မှ စတင်၍ မြေဧက (၃၁.၅၄) ဧက အတွက် နှစ်စဉ်မြေငှားရမ်းခ ကျပ်သိန်း(၂၅၀)ကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ ပေးသွင်းရန်နှင့် ငှားရမ်းခကို (၃)နှစ်တစ်ကြိမ် ခရီးသွားဝင်ရောက်မှုပေါ် မူတည်၍ ရာခိုင်နှုန်း ပြင်ဆင်သတ်မှတ်ရန်၊

(ဃ) (၂၀၁၉-၂၀၂၀) ဘဏ္ဍာနှစ်မှစတင်၍ (ခမိုး)စခန်း အဝင်ကားများအပေါ် ကောက်ခံငွေ၏ (၃၀%)နှင့် တောက်တက် ကားများအပေါ်မှ ကောက်ခံငွေ၏ (၅၀%)ကို တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ပေးသွင်းရန်၊

(င) (၂၀၁၉-၂၀၂၀) ဘဏ္ဍာနှစ်မှ စတင်၍ CSR အနည်းဆုံး (၂) ရာခိုင်နှုန်း လျာထားသတ်မှတ်ရန်နှင့် ဇလုံတောင်တက်လမ်း အဆင့်မြှင့်တင်ရေးတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(စ) တောင်တက်လမ်းခင်းနိုင်ရေး မြေသားနမူနာ စစ်ဆေးခြင်းများ ဆောင်ရွက်၍ ပြန်လည်တင်ပြနိုင်ရန်နှင့် အစိုးရအဖွဲ့မှ လုပ်ငန်းစတင်ခွင့် ရရှိပါက တည်ဆောက်ရေးလုပ်ငန်းများ အမြန်ဆုံး ဆောင်ရွက်ရန်၊

(ဆ) အစည်းအဝေးဆုံးဖြတ်ချက်များအား တိုင်းဒေသကြီးအစိုးရအဖွဲ့ Cabinetသို့ တင်ပြ၍ အတည်ပြုချက် ရယူရန်၊

(ဇ) ဇလုံတောင် ဒေသဖွံ့ဖြိုးတိုးတက်ရေး ကြီးကြပ်မှုကော်မတီ ဖွဲ့စည်းနိုင်ရေး စီမံချက်ရေးဆွဲတင်ပြရန်နှင့် ဂေါပကအသစ် ပြန်လည်ဖွဲ့စည်းနိုင်ရေး စီမံချက်ရေးဆွဲ တင်ပြရန်၊

(ဈ) တောင်တက်လမ်း ကွန်ကရစ်(၂)မိုင် ခင်းခြင်းလုပ်ငန်းအစား ခမိုး-ဗန်းမောက် လမ်းအား ကွန်ကရစ်(၁၈)ပေ အကျယ်ဖြင့် ဆောင်ရွက်နိုင်ရေး ပြန်လည်တွက်ချက်ပြီး တင်ပြပေးရန်၊

(ည) ဒေသခံလူထုတွေ့ဆုံပွဲနှင့် တောင်တက်ကားအသင်း ညှိနှိုင်းရေးကိစ္စများ ကြိုတင်ဆွေးနွေးဆောင်ရွက်ရန်၊

အထက်ပါ ဆုံးဖြတ်ချက်အမှတ် (ခ)ပါအရ ကားတစ်ခေါက် တက်ဆင်းလျှင် ၆၀၀၀ိ/-ကောက်ခံ၍ (၅၀%)ဖြစ်သော ၃၀၀၀ိ/ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေသို့ ပေးသွင်းစေရန် ဆုံးဖြတ်ခဲ့ပါသည်။ နောက်ပိုင်းတွင် ၅၀၀၀ိ/သို့ ပြောင်းလဲသတ်မှတ်ခဲ့သည်ကို သိရှိရပါသည်။ လုပ်ငန်းစတင်သည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း မြေငှားရမ်းခကျပ်သိန်း(၂၅၀)ကို ကုမ္ပဏီမှ ပေးသွင်းရန် မလိုခြင်း၊ ပြင်ပယာဉ်ဝင်ရောက်မှုမှ ကောက်ခံရရှိငွေ (၃၀)ရာခိုင်နှုန်းကိုလည်း ပေးသွင်းရန်မလိုခြင်း၊ တောင်တက်ကားအသင်းမှ ကောက်ခံရရှိငွေ (၅၀)ရာခိုင်နှုန်းသာ ပေးသွင်းစေခြင်းများကို တွေ့ရှိရပါသည်။ မြေငှားရမ်းခနှင့် ပြင်ပယာဉ်ဝင်ရောက်မှု အခငွေများကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှသာ စတင်ပေးသွင်းစေမည့်အချက်ကို ထည့်သွင်းရေးဆွဲထားကြောင်း တွေ့ရှိရပါသည်။ အစည်းအဝေးဆုံးဖြတ်ချက် အပိုဒ်(ဂ)အရ မြေငှားရမ်းခ ကျပ်သိန်း(၂၅၀)ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ ပေးသွင်းစေရန်နှင့် ခရီးသွားဝင်ရောက်မှု အပေါ်မူတည်၍ (၃)နှစ်တစ်ကြိမ် ရာခိုင်နှုန်းပြင်ဆင် သတ်မှတ်ရန်မှလွဲ၍ အစိုးရအဖွဲ့၏ အခြားသော ရပိုင်ခွင့်များကို ပြင်ဆင် သတ်မှတ်မည့်အကြောင်း ထည့်သွင်းမထားသည်ကို တွေ့ရှိရပါသည်။

ဆုံးဖြတ်ချက်အမှတ် (ည) မြို့နယ်စီမံခန့်ခွဲမှုကော်မတီသည် (၅-၁၀-၂၀၁၈) ရက်နေ့ ကြားနာပွဲတွင် ကားအသင်းတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ၎င်းကိစ္စကို ချပြဆွေးနွေးခဲ့ပါသည်။ ၎င်းချပြမှုအပေါ် ကားအသင်းတာဝန်ရှိသူများမှ အသင်းဝင်များအပေါ် ပြန်လည်ချပြရှင်းလင်းမှု မရှိခဲ့ကြောင်း တွေ့ရှိရပါသည်။ နောက်ပိုင်းမှသာ အသင်းဝင်များ သိရှိကြသဖြင့် ကားအသင်းသည် ၎င်းတို့၏ဆန္ဒနှင့် သဘောထားများကို (၂၇-၁-၂၀၁၉)ရက်နေ့တွင် ကော်မတီကြားနာပွဲသို့ အောက်ပါ အတိုင်း တင်ပြကြပါသည်။

(က) ကားအသင်းအပေါ်မှ ကောက်ခံမည့်ငွေကြေးနှင့်ပတ်သက်၍ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတွင် ပြုလုပ်သည့် အစည်းအဝေးသို့ အသင်းတာဝန်ရှိသူများအား မဖိတ်ကြားပဲ ဆုံးဖြတ်ချက်ချသည့်အတွက် အစိုးရအဖွဲ့အနေဖြင့် ပွင့်လင်းမြင်သာမှု မရှိကြောင်း၊

(ခ) ကုမ္ပဏီသို့ ၅၀%ဖြစ်သော ၂၅၀၀ိ/-ကို ပေးသွင်းလိုမှုမရှိကြောင်း၊ အစိုးရအဖွဲ့ ရရှိမည့်အချိုးမှာ နည်းပါးကြောင်း၊ များများ ရရှိစေလိုကြောင်း၊

(ဂ) လက်ရှိကောက်ခံရန် ဆုံးဖြတ်ထားသော ၅၀၀၀ိ/-အစား ၃၀၀၀ိ/သို့ လျှော့ချ ကောက်ခံမည်ဆိုပါက သင့်တော်ပါကြောင်း၊

(ဃ) လက်ရှိကားအသင်းတွင် ကားအစီးရေ(၁၆၅)စီးအထိ ရှိလာသဖြင့် ပြေးဆွဲရသည့် ခေါက်ရေမှာလည်း နည်းပါးလာကြောင်း၊

(င) ဇလုံတောင်တက်ကားအသင်း မြေနေရာအတွက် ကုမ္ပဏီ၏ အဝန်းအဝိုင်းထဲသို့ ထည့်သွင်းခြင်းမပြုဘဲသီးခြားနေရာ သတ်မှတ် ချပေးစေလိုကြောင်း၊

(စ) အသင်းအပေါ်မှ ကောက်ခံမည့် အခကြေးငွေကို မည်သည့် နှစ်ကာလ အပိုင်းအခြားအထိ ကောက်ခံမည်ကို သိရှိလိုကြောင်း၊

(ဆ) ကုမ္ပဏီအနေဖြင့် လျာထားသော စီမံကိန်းလုပ်ငန်းများ (၁၀၀) ရာခိုင်နှုန်း ပြီးစီးမှု မရှိသေးဘဲ ယာဉ်အသင်းအပေါ်မှ ဝန်ဆောင်ခ မကောက်ခံသင့်ကြောင်း၊

(ဇ) B.O.T. စနစ်ဖြင့် ကောက်ခံသောလမ်းအသုံးပြုခနှင့် နှိုင်းယှဉ်စေလိုကြောင်း၊ ယခုအနေအထားသည် ဂိတ်ထိုးသည့် အနေအထားဖြစ်ကြောင်း တင်ပြလာပါသည်။

ယခင်နှစ် ဘုရားဖူးရာသီ (၆)လအတွင်း ကားအသင်း၏ တောင်တက် ပြေးဆွဲခေါက်ရေမှာ အကြိမ်ရေ (၁၃၀၀၀)ခန့် ရှိပါသည်။ ၅၀၀၀ိ/- နှုန်းဖြင့် ကောက်ခံမည်ဆိုပါက တစ်နှစ်လျှင်သိန်းပေါင်း (၆၅၀)ရရှိမည်ဖြစ်ရာ ကုမ္ပဏီမှ ၅၀ရာခိုင်နှုန်းဖြစ်သော (၃၂၅)သိန်း ရရှိမည်ဖြစ်ပါသည်။ နောင်တွင် ၁၂ရာသီ သွားလာနိုင်သော အနေအထားသို့ ရောက်ရှိပါက ယခုထက်ပိုမိုရရှိနိုင်ဖွယ်ရာ သာရှိပါသည်။ B.O.T စနစ်ဖြင့် အငှားချပေးသော မြေဧက (၃၁.၅၄) အတွက် အစိုးရရရှိမည့် တစ်နှစ်မြေငှားရမ်းခသည် ကျပ်သိန်း (၂၅၀)သာ ဖြစ်ပါသည်။ ကုမ္ပဏီမှ ပေးဆောင်ရမည့်မြေငှားရမ်းခမှာ ကားအသင်းမှ ရရှိမည့်အခငွေဖြင့် ကျေသည်ကို တွေ့ရှိရပါသည်။

ပြင်ပယာဉ် ဝင်ရောက်မှုအပေါ်မှလည်း (၁-၂-၂၀၁၉) ရက်နေ့မှ စတင်၍ Express ကားကြီးတစ်စီးလျှင် ၃၀၀၀ိ/ ကားလတ်တစ်စီး ၁၅၀၀ိ/-၊ ကားငယ် တစ်စီး ၁၀၀၀ိ/- ကိုလည်း ကုမ္ပဏီမှ ကောက်ခံသည်ကို တွေ့ရှိရပါသည်။ အစည်းအဝေးဆုံးဖြတ်ချက် အပိုဒ်(ဃ)အရ လက်ရှိကောက်ခံနေသော ပြင်ပ ယာဉ်ဝင်ရောက်မှု အခေါက်ရေအပေါ် လက်ရှိဘဏ္ဍာရေး နှစ်တွင် ပေးသွင်းရန် မလိုဘဲ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှသာ ပေးသွင်းရမည်ဖြစ်ပါသည်။ (၂၆-၁-၂၀၁၉) ရက်နေ့မှ (၁-၂-၂၀၁၉) ရက်နေ့အတွင်း နေ့အလိုက် ယာဉ်ဝင်မှု အစီးရေအရ အများဆုံးဖြစ်သော (၂၆)ရက်နေ့တွင် ကောက်ခံရရှိငွေ (၁၅၈၀၀၀ိ/-) အနည်းဆုံးဖြစ်သော (၃၀-၁-၂၀၁၉)နေ့တွင် ၃၅၀၀၀ိ/- ရရှိမည်ကို တွေ့ရှိရပါသည်။ လက်ရှိကာလသည် စာမေးပွဲကာလဖြစ်သဖြင့် ယာဉ်အဝင်နည်းသည့် ကာလ အတွင်း ဝင်ရောက်မှုကို တင်ပြထားခြင်း ဖြစ်ပါသည်။ တစ်ရက်ပျမ်းမျှ ၇၅၀၀၀ိ/- ခန့်ကောက်ခံရရှိပါက ဘုရားဖူးရာသီ (၆)လအတွင်း

(၁၃၅)သိန်းခန့် ရရှိမည် ဖြစ်ပါသည်။ အထက်ပါ ကိန်းဂဏန်းများမှာ မြင်သာလွယ်စေရန် ပျမ်းမျှသဘောတွက်ချက် တင်ပြခြင်းသာဖြစ်ပါသည်။

ကုမ္ပဏီသို့ B.O.T စနစ်ဖြင့် အငှားချပေးမြေမှာ (၃၁.၅၄) ဧကရှိပြီး ကား အသင်းအတွက် (၂)ဧကခန့် အသုံးပြုစေသည်ကိုလည်း တွေ့ရှိရပါသည်။ ကုမ္ပဏီအနေဖြင့် ဈေးဆိုင်တန်းများမှလည်း အခွန်အကောက်များရရှိမည် ဖြစ်ပါသည်။ ဟိုတယ်ဇုံမှာမူ သီးခြားစီးပွားရေး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသာဖြစ်သဖြင့် ၎င်းကုန်ကျမှုမှာ အများနှင့်တိုက်ရိုက်သက်ဆိုင်ခြင်းမရှိပါ။ ဆိုလိုသည်မှာ ဟိုတယ်ဇုန်ဆောက်၍ ကုန်ကျမည့်ကုန်ကျငွေအတွက် ကားအသင်းထံမှ ရောထွေးကောက်ခံမည်ဆိုပါက အဓိပ္ပါယ်မရှိကြောင်း ဆိုလိုရင်းဖြစ်ပါသည်။

ဇလုံတောင်ကားအသင်းသည် ယခင်နှစ်ရာသီ၌ ကားတစ်ခေါက်လျှင် ၎င်းတို့အစီအစဉ်ဖြင့် ရန်ပုံငွေ ၅၀၀၀/- ကောက်ခံခဲ့ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်း များ၊ လူမှုရေးလုပ်ငန်းများအတွက် သုံးစွဲသည့်အပြင် ဂိတ်ဝန်ထမ်းစရိတ်များကိုလည်း ၎င်းအထဲမှ ကျခံသုံးစွဲနေသည်ကို တွေ့ရှိရပါသည်။ (၂၀-၃-၂၀၁၇) ရက်နေ့မှစ၍ ယနေ့အချိန်အထိ ကျပ်သိန်းပေါင်း ရှစ်ရာ့သုံးဆယ်ကျော် သုံးစွဲကုန်ကျထားသည်ကို စာရင်းအရ တွေ့ရှိရပါသည်။ ယခုနှစ်ရာသီတွင်မူ အသင်းရန်ပုံငွေအဖြစ် ယခင်ကောက်ခံသော ၅၀၀၀/မှ ၂၀၀၀/- သို့ လျှော့ချကောက်ခံလျက်ရှိပါသည်။

အချုပ်အားဖြင့် တင်ပြရသော် လက်ရှိလုပ်ဆောင်နေသော ဇလုံတောင် ကားဝန်း (ခမိုး)အတွင်းရှိ လုပ်ငန်းလည်ပတ်မှုအားလုံးသည် ဇလုံတောင်တက် ကားအသင်းအပေါ် မှီတည်လျက်ရှိပါသည်။ ကုမ္ပဏီအနေဖြင့် အကျိုးအမြတ်ရ လိုမှုဖြင့် မကောက်ခံစေလိုဘဲ ဂိတ်ဝင်ကြေးသဘော ၅၀၀၀/- သာရယူ၍ အစိုးရ အဖွဲ့ရန်ပုံငွေသို့ ၂၅၀၀၀/- ပေးသွင်းစေပါက အများသဘောနှင့် ကိုက်ညီ အစဉ်ပြေစေမည်ဖြစ်ပါသည်။ (၂၅-၂-၂၀၁၈)ရက်နေ့တွင် လွှတ်တော်ဥက္ကဋ္ဌ၊ စီမံကိန်းနှင့် ဘဏ္ဍာဝန်ကြီး၊ တိုင်းအဆင့်သက်ဆိုင်ရာဌာနအကြီးအကဲများနှင့် မိမိတို့ ကော်မတီ တွေ့ဆုံပွဲတွင် အစိုးရအဖွဲ့အနေဖြင့် ကားအသင်းတာဝန်ရှိသူများအား အစိုးရအဖွဲ့ရုံးသို့ မပျက်မကွက် ဖိတ်ခေါ်၍ ညှိနှိုင်းသင့်ကြောင်းကိုလည်း ကော်မတီမှ အကြံပြုထားပါသည်။

သို့ဖြစ်ပါ၍ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့်လည်း ယာဉ်အသင်း တာဝန်ရှိသူများကို မပျက်မကွက်ဖိတ်ခေါ်၍ အသင်းမှပေးသွင်းရန်ဆန္ဒရှိသည့် ၃၀၀၀/- ကို အမြန်ဆုံး ညှိနှိုင်း အတည်ပြုသင့်ပါကြောင်းနှင့် အသင်းမှ ချမှတ်ထားသော စည်းကမ်းချက်များနှင့် ယာဉ်အသင်း အမှုဆောင်အဖွဲ့၏ အများသဘောဖြင့် ဆုံးဖြတ်ထားသော ဆုံးဖြတ်ချက်ကို မလိုက်နာသည့် အသင်းဝင်ကားများကို ထိရောက်စွာ အရေးယူနိုင်ရေးအတွက် မြို့နယ်အဆင့် ယာဉ်အသင်း ကြီးကြပ်မှု ကော်မတီတစ်ရပ်ကိုလည်း ဖွဲ့စည်းစေသင့်ပါကြောင်း အစိုးရအဖွဲ့သို့ လေးလေး

နက်နက် အကြံပြုတိုက်တွန်းရင်း ကော်မတီအစီရင်ခံစာအား လွှတ်တော်တွင် မှတ်တမ်းတင်ပေးနိုင်ပါရန် လေးစားစွာ တင်သွင်းအပ်ပါသည်။

**ဦးညီညီဟန်**
**(အတွင်းရေးမှူး)**
**ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်**
**ဆောက်လုပ်ရေးဆိုင်ရာကော်မတီ**